

# မောင်ညိုမှိုင်း

(သန်လျင်)

စိန်မြရုံခြယ်

# အဖွင့်

အကယ်၍ သာ ..

သင်ချစ်မြတ်နိုးရသော ချစ်သူသည် ...

မဆိုစကောင်း ... ဆိုစကောင်း ..

စုန်း၊ ကဝေ ၊ ပညာသည် ... မိန်းမသား ဖြစ်နေပါက..

သင် .. သူမကို ဇနီးမယားအဖြစ် လက်ထပ်ယူဝံ့ပါမည်လား ...

စုန်းမချောလေးတစ်ဦးကို မခွဲနိုင်မခွာရက်

ချစ်ဇာတွေ တက်ပြီး ချစ်မြတ်နိုးစွာ

လက်ထပ်ပေါင်းသင်းခဲ့သော သူတစ်ဦး ရှိခဲ့ပါသည် ။

ထိုသူသည် ...

ပစ်ရက်စရာမရှိအောင် ချောမောလှပသည့်

စုန်းမလေးကို လက်ထပ်ရန် အစပြုတဲ့ အချိန်မှ စ၍ ..

ဆိုးဝါးသော ကံကြမ္မာရိုင်းများ နှင့် လုံးထွေးရင်ဆိုင်

မျှဝေခံစားရသောအခါ ...

**သူသည် အချစ်ဆိုသောအရာကို ...**

* * *

“စာဖတ်ပရိသတ်ကြီးက နှစ်ခြိုက်စွာ အားပေးဖတ်ရှုနေလျှင်
...
ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုစာပေ အဓွန့်ရှည်နေမည်မှာ
မုချ”

ယခုတစ်လော ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာပေဝတ္ထုများကို အသား လွတ် ရှုတ်ချအပြစ်ဆိုသူ ခပ်တည်တည်ထွက်ပေါ်လာသည် ကို တွေ့ရ သဖြင့် ချီးကျူးရပါသည် ။

ရှုံ့ချဝေဖန်သူအချို့သည် (ဂမ္ဘီရ) ဆိုသော စာသုံးလုံး၏ အဓိပ္ပာယ်ကို မျှ ပြတ်သားရှင်းလင်းစွာ မပြောနိုင်သည် ကိုလည်း ဝမ်းနည်းဖွယ်တွေ့ရ ပါသည် ။

ဂမ္ဘီရ.....ဟူသော ပါဠိစကား အနက်အဓိပ္ပာယ်ကို သေချာစွာသိလိုပါ မူ ဆရာကြီးဦးဟုတ်စိန် (ဘီ၊အေ) ဂုဏ်ထူးစီစဉ်သော ‘ပါဠိ၊ မြန်မာ အဘိဓာန်’စာမျက်နှာ(၃၅၉) ကိုပြန်လှန်ဖတ်ကြည့်ကြပါဟု မေတ္တာရပ်ခံ လမ်းညွှန်ရပါသည် ။

အချို့ကတော့ သူကိုယ်တိုင် နားမလည်လို့ လားပဲမသိ။ ‘တစ္ဆေ၊ သရဲ ဝတ္ထု’ဟု ပျစ်ပျစ်နှစ်နှစ် ပြောလေရဲ့ ။

မှန်တော့လည်း မှန်ပေသည် ။ တစ္ဆေ၊ သရဲအကြောင်းရေးလျှင် တ စ္ဆေ၊ သရဲ ဝတ္ထုဟု အလွယ်ပြောကြသည် ကိုး။ ဆိုက်ကားသမားအကြောင်း ကိုရေးလျှင် ဆိုက်ကားသမား ဝတ္ထု၊ ပြည့်တန်ဆာအကြောင်းရေးလျှင်

ပြည့်တန်ဆာ ဝတ္ထုဟု အလွယ်လေး ခပ်ပေါ့ပေါ့ ပြောကြတာပေါ့။

အမှန်က ဘဝသရုပ်ဖော်ဝတ္ထုဟု ဆိုချင်တာ။

တစ္ဆေ၊ သရဲ ရှိ၊ မရှိ ကျွန်တော်အငြင်းအခုံ မလုပ်လိုပါ။

ဘာသာရေးစာပေနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ ၊ ကိုယ်တွေ့ကြုံဖူးသူများကို မေးမြန်းလေ့လာကြည့်ပါ…..။

မိမိမကြုံဖူးတာနဲ့ မရှိဘူးဟု အလွယ်မပြောလိုက်ပါနှင့်။ ယနေ့ အသုဘကိစ္စမှာ ဘာကြောင့် သက်ပျောက် ဆွမ်းပြုရပါသည် လဲ။ ဘာကြောင့် ရက်လည်ဆွမ်းကျွေး အမျှဝေရတာပါလဲ။

ကိုယ့်မိသားစု နာရေးကိစ္စမှာ ရော မလုပ်ခဲ့ကြဘူးလား။ ပြတ်ပြတ်သားသား ဆန့်ကျင်ခဲ့ဘူးပါသလား။ ဘာကြောင့်လုပ်ရသည် ကို တိတိပပသိလိုပါမူ သံဃာတော်အရှင်သူမြတ်ကြီးတို့ ထံ လျှောက်ထားမေးမြန်းပါလေ။

ခက်သည် ကား၊ စာပေလောကမှာ သူတို့ ကိုယ်သူတို့ ၊ ဆရာကြီး၊ ဆရာမကြီးဟု ထင်နေကြသည် လားမသိ။ ထဲထဲဝင်ဝင် မဖတ်ဖူး၊ မသိဖူးပါပဲ….ဝေဖန်ရေးမဆန်တဲ့ ပြစ်တင်အပုပ်ချတာမျိုး ပြောဆိုဆွေးနွေးကြသတဲ့ ။

ပြီးတော့လည်း သူတို့ အချင်းချင်း၊ ဘုတ်ကို ကျီးကမြှောက်၊ ကျီးကို ဘုတ်ကမြှောက်နဲ့ ပင့်တင်နေကြသည် မှာ ၊ ကြားရသူ၊ ဖတ်ရသူ ရှက်လိုက်ပါဘိ။ စာပေလောကကို ကြီးပွားတိုးတက် သန့်ရှင်းစေချင်သူကြီးက သူရေးတဲ့ ဘဝ သရုပ်ဖော် ဝတ္ထုမှာ မဟုတ်မဟတ် အလွဲတွေ ခပ်တည်တည်ရေးခဲ့ပြီး၊ ခုမှ အရှက်ပြေ….သူမှားရေးမိတယ်လို့ ရှက်ကိုးရှက်ကန်း ဝန်ခံပြတော့…ရယ်ချယ်လိုက်တာနှယ်၊ ပါးစပ်ဘရိ

တ်အုပ်ရလေရဲ့ ။

ဂမ္ဘီရနဲ့ စပ်လျဉ်းရင်....ပိဋကတ်တော်လာ နက်နဲသိမ်မွေ့သော တရားကြီးလေးပါးကို 'သုတေသနသရုပ်ပြအဘိ ဓာန်'မှာ ဖော်ပြထားပါတယ်။ အလွန်တန်ဖိုးကြီးပါတယ်။

လောကီ၊ လူ့နယ်မှာ လဲ နက်နဲလှတဲ့ 'လောကီဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်' တွေရှိကြပါတယ်။ ဒီအကြောင်းတွေကို အသေးစိပ် ရေးမပြချင်တော့ပါဘူး။ ရေးတဲ့ စာပေသမားတွေ၊ ပညာရှင်တွေရှိပါတယ်။ လေ့လာချင်ရင် ရှာဖွေဖတ်ကြည့် သုံးသပ်ဝေဖန်ပါလို့ ပြောချင်ပါတယ်။

နောက်တစ်ချက်က....။

ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုစာပေနဲ့ ၊ ပရလောက ဖြစ်ရပ်ဆန်းကြယ် အကြောင်းအရာဝတ္ထုစာပေက၊ တူမယောင်နဲ့ နည်းနည်းကွဲပြားမှုရှိနေတာကို ဂရုပြုလေ့လာရင် သိရပါတယ်။

စာပေဝေဖန်ရေးကို ကျွန်တော်ကြိုက်နှစ်သက်ပါတယ်။

ကြိုဆိုပါတယ်။ သို့သော်....စနစ်ကျတဲ့ ဝေဖန်ရေးကိုပဲ တန်ဖိုးထားပါတယ်။ သူတစ်ပါး ဝါသနာပါလို့ စိတ်ဝင်စားလို့ ရေးထားတဲ့ စာပေကို မသိနားမလည်ဘဲနှင့် အသားလွတ် အပုတ်ချတာမျိုးတော့၊ အထင်မကြီးပါဘူး။ ကျွန်တော်တို့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထု၊ စာပေရေးသားသူမှာ လည်း အားနည်းလိုအပ်ချက်တွေ ရှိနေတာပါပဲ။

ဒီစာပေကို ဝေဖန်ချင်တယ်။ ထောက်ပြချင်တယ်ဆိုရင်....အဲဒီ စာပေ၊ ဝတ္ထု၊ ဆောင်းပါးတွေကို စေ့စေ့စပ်စပ်ဖတ်လိုက်ပါဦး။ ဖတ်ပြီးရင် အကျိုး၊ အပြစ်ကို ထောက်ပြဝေဖန်ကြပါ။ စနစ်တကျ ဝေဖန်ခွဲခြား စိတ်ဖြာပေးလိုက်ရင်...စာရေးသူရော စာဖတ်သူပါ များ စွာအကျိုးရှိကျေးဇူး

ရှိမှာ ပါလို့ ယုံကြည်မိပါတယ်။

ဂမ္ဘီရ စာပေအမျိုးအစား၊ ပရလောက ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုစာပေများ သည် ကျွန်တော်တို့ လူငယ်အရွယ်ကလည်း ဖတ်စရာ စာပေအဖြစ်၊ စာအုပ်အဖြစ် ရှိခဲ့ဖူးပါတယ်။ ယနေ့ထိလဲ ရေးနေကြဆဲပါ။ နောက်ကိုလည်း ရှိနေဦးမည်သာ ဖြစ်၏။

ယနေ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်နှင့် ပရလောကဖြစ်ရပ် ဝတ္ထုတို့ သည် အပျင်းပြေ၊ အပျော်ဖတ်အနေနှင့်လည်း ရပ်တည်နေသည် ရှိသလို၊ တလေးတစားဖတ်ရသည့် ဝတ္ထုစာပေအဖြစ်လည်း ဖြစ်တည်နေပါတယ်။

ငင်းစာပေ ခန့်ခန့်သန့်သန့် ရပ်တည်စေချင်ပါက စေတနာပါသော၊ စနစ်ကျသော ဝေဖန်ရေးနှင့် ဝေဖန်ပေးကြလျှင် ပိုမိုအကျိုးသက်ရောက်မှု ရှိမည်ဟု မျှော်လင့်မိပါသည် ။ သို့မဟုတ်ပါပဲ....ကိုယ်ရေးနေတဲ့ စာပေလိုင်းတစ်ခုကို တစ်နည်း ဝတ္ထုစာပေကို၊ အားပေးဖတ်ရှုသူ နည်းပါး၊ ဈေးကွက်မှာ လည်း အရှုံးပေါ်။ မျက်နှာပန်းမလှဖြစ်နေတာကို ကြေကွဲခံစားရပြီး စာဖတ်ပရိတ်သတ် အခိုင်အမာရှိနေသေးတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာပေလောကကြောင့်လို့ မျက်စိမှ ိတ်၊ လက်ညှိုးထိုးကြရင်ဖြင့်.....တစ်ဖက်သတ် မလွန်ပေဘူးလားလေ။ လူမှုမီဒီယာခေတ်ရဲ့ လွှမ်းမိုးမှုကြောင့် စာပေဖတ်သူ နည်းလာတာရော၊ မရှိပေဘူးလား။

လောကီမှာ မြဲမြံတယ်ဆိုတာ မရှိပါဘူး။

အားလုံးသင်္ခါရပါ။ ရွေ့နေကြတာပါ။

စာပေလောကမှာ လည်း သူတက်၊ ငါဆင်း။ ငါဆင်း၊ သူတက်။ ရွေ့နေကြတာပါ။ စာပေလိုင်းလည်း အပေါ်ရောက်လိုက်၊ အောက်ဆင်းလိုက်ပါ။

မည့်သည့်စာပေအကြောင်းပဲရေးရေး ကိုယ်အားသန်ရာ၊ ဝါသနာပါရာကိုရေးပါ။ စေတနာလေး ထားရေးကြပါ။ ပရိသတ်နှစ်သက် လက်ခံအောင်ရေးပါ။ အပြစ်နည်းအောင် ရေးကြပါ။

ပရိသတ် ဝေဖန်တာကို နားထောင်ချင်ပါတယ်။

စဉ်းစားကြရမှာ က....။

ယနေ့စာပေလောကမှာ 'ငါ့ခေတ်' ရှိသေးရဲ့ လားလို့ ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။ ဝေဖန်ကြည့်ပါ။ မနာလိုဝန်တို မစ္ဆိရိယ စိတ်ကို ခဝါချလိုက်ပါ။ ကံကောင်းပါလိမ့်မည်။

အောင်မြင်ကျော်ကြားမှုဆိုတာလဲ တခဏတာပါဗျာ။

ဘယ်အရာမှ မမြဲပါဘူး.....။

ကျွန်တော်တို့ ကတော့....မည်သူ ဘာစာပေလိုင်းရေးရေး။ မေတ္တာစိတ်နဲ့ ဖတ်ပါတယ်။ ဝန်တိုမနာလို မစ္ဆိရိယစိတ်နဲ့ မဖတ်ပါဘူး။ သူ့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ရေးနေတာပါပဲ။ အားပေးရမှာ ပါပဲ။ မကြိုက်ရင်တော့ မဝယ်တော့ပါဘူး။

ယနေ့အထိ စာစုံဖတ်ပါတယ်။

တွေ့သမျှ လက်လှမ်းမှီသမျှ ဖတ်ပါတယ်။

ဘာသာရပ် သီးသန့်မရွေးပါဘူး။

ဘဝသရုပ်ဖော်ဝတ္ထုနဲ့ ကဗျာတွေကို ကျွန်တော်လည်း ရေးခဲ့ဖူးပါတယ်။ယနေ့ ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုတွေကို၊ စိတ်ဝင်စားလို့ ဖတ်ချင်စဖွယ်ဖြစ်အောင်၊ ရသခံစားလို့ ရအောင် ကြိုးစားအားထုတ်နေဆဲပါ။

စာဖတ်သူကို ပျက်စီးစေသော လမ်းကြောင်းပေါ်သို့....ကျွန်တော့် စာ

ပေဝတ္ထုကြောင့်....ရောက်မသွားအောင်၊ မေတ္တာစိတ်၊ စေတနာစိတ်နဲ့ ရေးဦးမှာ ပါ.....။

ကမ္ဘာမှာ ရော၊ မြန်မာမှာ ပါ လှို့ဝှက်နက်နဲဆန်းကြယ်ဖြစ်ရပ်တွေ အများကြီးရှိနေပါတယ်။ ဒီအကြောင်းတွေကို လေ့လာရေးသားဦးမှာ ပါ ။ စိတ်ဝင်စားစရာ ကောင်းတယ်။

ကျွန်တော်ရေးနေတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုစာအုပ်များ ဂန္ထဝင်တင်ကျန်ဖို့ မလိုပါ။ အရေးကြီးသည် မှာ ကျွန်တော့်စာဖတ်ပရိသတ်အနေဖြင့် ရသတစ်ခုခု ခံစားကျေနပ်မှုရှိလျှင် ဝမ်းသာရမည်သာ။

ကျေးဇူးရှင်စာဖတ်ပရိသတ်က အားပေးဖတ်ရှုနေသမျှ ကျွန်တော် စာဆက်ရေးဦးမည် ဖြစ်ပါသည် ။

အားပေးသူ စာဖတ်ပရိသတ်လည်း မရှိ၊ ထုတ်ဝေပေးမည့်သူလည်း မရှိပါလျှင် စာဖတ်သမားအဖြစ် ကျွန်တော် ရှင်သန်နေဦးမည်ဖြစ်ပါသည် ။

**ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။**

**မောင်ညိုမှ ိုင်း (သန်လျင်)**

* * *